**Climate Adaptation in Coastal Communities of Myanmar:**
Improved Management of Mangrove Forests

**Denmark-Myanmar Country Programme 2018 – 2023**

DENMARK

# "ဒီရေတောထိန်းသိမ်းရေးအသိပညာပေး ဓာတ်ပုံများ ဖိတ်ခေါ်ခြင်း"

# (Photo Contest in Mangrove Conservation and Management)

၁။ အကြောင်းအရာ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန နှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် **"ပင်လယ်ကမ်းရိုးတန်းဒေသနေ ပြည်သူလူထုက ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေရပ်တည်နေထိုင်နိုင်ရန်အတွက် ဒီရေရောက်သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း စီမံကိန်း"**(FDCCA) ၏ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာတွင် အထောက်အပံ့ပြုရန် ဖြစ်ပါသည်။

၂။ ရည်ရွယ်ချက်

(က) ဒီရေတောနှင့် ကမ်းရိုးတန်းဂေဟစနစ်များ၏ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးဆိုင်ရာအရေးပါမှုကို ပြည်သူလူထုအကြား အသိစိတ်ဓာတ်နိုးကြားလာစေရန် (Awareness)

(ခ) ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူလူထုကိုယ်တိုင် ပူးပေါင်းပါဝင် လာစေရန် (Participation)

၃။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ FDCCA စီမံကိန်းရုံး၊ ဒိန်းမတ်သံရုံး၊ ဓာတ်ပုံပညာရှင်/ဝါသနာရှင်များနှင့် ပူးပေါင်း၍ အောက်ဖော်ပြပါ ခေါင်းစဉ်(၃)မျိုးဖြင့် ဖိတ်ခေါ်ပြိုင်ပွဲကျင်းပခြင်းဖြစ်ပြီး ခေါင်းစဉ်တစ်မျိုးလျှင် ပထမ၊ ဒုတိယ၊ တတိယဆုများ ရွေးချယ်မည်ဖြစ်ပါသည်-

(က) ဒီရေတောနှင့် ဇီဝမျိုးစုံမျိုးကွဲ (Mangroves and Biodiversity)

(ခ) ဒီရေတောနှင့် ကမ်းရိုးတန်းဒေသနေ ပြည်သူလူထု လူနေမှုဘဝ (Mangroves and Coastal Communities)

(ဂ) ဒီရေတောနှင့် သဘာဝတောတောင်ရေမြေရှုခင်း/ ကမ်းရိုးတန်းရှုခင်း (Mangroves and Landscapes/ Seascapes)

၄။ ဆုချီးမြှင့်မည့် အစီအစဉ်

ပထမဆု – ကျပ် ၃ သိန်း

ဒုတိယဆု – ကျပ် ၂ သိန်း

တတိယဆု – ကျပ် ၁ သိန်း

ဓာတ်ပုံအရည်အသွေး လက်ခံရရှိမှုအပေါ် မူတည်၍ နှစ်သိမ့်ဆုများ ချီးမြှင့်ရန်လည်း ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်။

၅။ ပြိုင်ပွဲစည်းကမ်းများ

(က) မည်သည့် Digital Camera (Drone အပါအဝင်) ဖြင့် ရိုက်သော ဓာတ်ပုံအပြင် Full HD Quality အရည်အသွေးရှိသောပုံများ ရိုက်ကူးနိုင်သည့် ဖုန်းကင်မရာဖြင့် ရိုက်သော ဓာတ်ပုံများနှင့်လည်း ရိုက်ကူးယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ပြိုင်ပွဲဝင်ဓာတ်ပုံသည် 10 MB ထက်မများသော file size အတွင်း ရှိရမည် ဖြစ်ပြီး JPEG File အမျိုးအစားဖြင့် ပေးပို့ရမည် ဖြစ်သည်။ Resolution အနေဖြင့် အလျား 1600 pixel အနည်းဆုံး ရှိရမည်။ ရိုက်ကူးရာတွင် ပါဝင်မှုမရှိသည့် ပုံများ၊ စာများ၊ အရာဝတ္ထုများအား ဖန်တီးထည့်သွင်းပြင်ဆင်ခြင်းကို ခွင့်မပြုပါ။ ရိုက်ကူးသူ၏ watermark ရေစာ မထည့်သွင်းရ။ Mobile Phone Camera ဖြင့် ရိုက်ကူးသူများအနေဖြင့် ပြိုင်ပွဲဝင်ပုံတွင် ဖုန်းကင်မရာများ၏ ဖုန်းအမျိုးအစားကိုဖော်ပြသော ရေစာများ မပါဝင်ရပါ။ Facebook အပါအဝင် မည်သည့် Media တွင်မျှ မဖော်ပြရသေးသောပုံ/ မည်သည့်ပြိုင်ပွဲတွင်မျှ ဆုမရဖူးသေးသောပုံ ဖြစ်ရမည်။ ထောင်လိုက် Portrait ပုံ မဟုတ်ဘဲ အလျားလိုက် Landscape ဖြစ်ရမည်။

(ဂ) မြန်မာနိုင်ငံ၏ ဒီရေတောနှင့် ကမ်းရိုးတန်းသယံဇာတများကို ရိုက်ကူးထားသော မူရင်းဓာတ်ပုံများ ဖြစ်ရမည်။

(ဃ) ပြိုင်ပွဲဝင်၏ ဓာတ်ပုံတွင် ပူးတွဲပေးပို့ရမည့် အချက်အလက်များ

- ဓာတ်ပုံပြိုင်ပွဲအမည်
- ဓာတ်ပုံအကြောင်းအရာ (နေရာ/အချိန်)
- ကိုယ်တိုင်ရိုက်ကူးကြောင်း ဝန်ခံချက်
- ပြိုင်ပွဲဝင်သူ၏ အမည်၊ နေရပ်လိပ်စာ၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနှင့် အီးမေး

(င) ပြိုင်ပွဲဝင်တစ်ဦးလျှင် ခေါင်းစဉ်အမျိုးအစားတစ်ခုစီအတွက် တစ်ပုံစီဖြင့် စုစုပေါင်း (၃) ပုံထိသာ ပေးပို့နိုင်ပြီး ခေါင်းစဉ်တစ်မျိုးစီအတွက် ဆုတစ်ဆုစီ ခံစားခွင့်ရှိသည်။

(စ) တရားဝင်အမည် တစ်ခုတည်းဖြင့်သာ ယှဉ်ပြိုင်ရမည်။ အကယ်၍ အမည်ခွဲ၊ ကလောင်ခွဲများဖြင့် ပါဝင်ယှဉ်ပြိုင်ပါက ပယ်ဖျက်ခြင်းခံရမည်။ ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ထားသော ပုံများမဖြစ်စေရ။

(ဆ) ဆုရွေးချယ်ခံရပါက ဖုန်းနှင့် အီးမေးများဖြင့် အကြောင်းကြားမည်ဖြစ်ပြီး မူရင်းဖိုင် (Original File) ကို အကြောင်းကြားစာရရှိပြီး ၃ ရက်အတွင်း fdccawmd@gmail.com သို့ နောက်ဆုံးထား၍ ပေးပို့ရမည်။ အချိန်မီ ပေးပို့လာခြင်း မရှိပါက ရွေးချယ်မည် မဟုတ်ပါ။ ဆုရွေးချယ်ခြင်း မခံရသော ဓာတ်ပုံများကို ပြန်လည်အကြောင်းကြားမည်မဟုတ်ပါ။

(ဇ) ရွေးချယ်ခံရသော ဆုရဓာတ်ပုံများအား သစ်တောဦးစီးဌာန၏ အနာဂတ် လုပ်ငန်းများတွင် အသုံးပြုရန် သဘောတူညီရမည်ဖြစ်ပြီး သစ်တောဦးစီးဌာန အနေဖြင့် ဆုရဓာတ်ပုံများအား အသုံးပြုသည့် အကြိမ်တိုင်းတွင် မူရင်းဓာတ်ပုံ ပိုင်ရှင်အမည်အား အသိအမှတ်ပြုဖော်ပြသွားမည် ဖြစ်ပါသည်။

(ဈ) သတ်မှတ်စည်းကမ်းများနှင့်အညီ ဆုရွေးချယ်မည်ဖြစ်ပြီး အကဲဖြတ်အဖွဲ့၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။

(ည) နိုင်ငံတော်မူဝါဒ၊ ဥပဒေနှင့် ငြိစွန်းသောပုံများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သောပုံများ မဖြစ်စေရ။

(ဍ) ဓာတ်ပုံပြိုင်ပွဲကြီးကြပ်သူများ၊ အကဲဖြတ်သူများမှအပ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

၆။ ပြိုင်ပွဲဝင်ဓာတ်ပုံများ ပေးပို့ရမည့်နေရာ/အချိန်

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ကြေညာသည့်နေ့မှ စတင်ကာ ၂၅-၁၁-၂၀၂၀ ရက်နေ့၊ ၁၆:၃၀ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ရုံးအမှတ်(၃၉)၊ နေပြည်တော်၊ **Email:** fdccawmd@gmail.com သို့ ပေးပို့ရမည်။ သတ်မှတ်ချိန်အမီ မရောက်ရှိသော ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

သစ်တောဦးစီးဌာန

၀၆၇-၃-၄၀၅၃၉၈၊ ၄၀၅၄၃၃